THE REPUBLIC OF THE UNION OF MYANMAR

THE SUPREME COURT OF THE UNION

ပြစ်မှုဆိုင်ရာ ကလေးသူငယ် အခွင့်အရေးများ

ကလေးသူငယ်အခွင့်အရေးရခွင့်ရှိသူများ

- အသက် ၁၈ နှစ်မပြည့်သေးသောသူကို ကလေးသူငယ်လို့ သတ်မှတ်ပါတယ်။
- ပြစ်မှုကျူးလွန်ချိန်မှာ အသက် ၁၈ နှစ်မပြည့်သေးသူများ၊ အသက်အထောက်အထားမတင်ပြနိုင်မီအသက်အရွယ်ငယ်ရွယ်မှု၊ ပုံပန်းသဏ္ဌာန်အရ အသက် ၁၈ နှစ်မပြည့်သေးသူလို့ ထင်မြင်ယူဆနိုင်သူများသည် ဥပဒေအရ ကလေးသူငယ်အခွင့်အရေးရခွင့်ရှိပါတယ်။
- တရားရုံးတွင် အမှုရင်ဆိုင်နေရတဲ့ ကလေးသူငယ်သည် ဥပဒေအရ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သူဖြစ်ပါတယ်။

ပြစ်မှုကြောင်းအရကင်းလွတ်ခွင့်

- အသက် ၁၀ နှစ်မပြည့်သေးသော ကလေးသူငယ်၏ ပြုလုပ်မှုသည်ပြစ်မှုမမြောက်ပါ။
- ပြုလုပ်စဉ်က မိမိပြုလုပ်မှု၏သဘောနဲ့ အကျိုးအပြစ်ကို မသိနားမလည်တဲ့ အသက် ၁၀ နှစ်အထက်၊ ၁၂ နှစ်အောက် ကလေးသူငယ်၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက် ပါ။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ (၂၀၁၉) မှ ကောက်နုတ်ချက်

အသက်အထောက်အထားများ

- ကလေးသူငယ်အသက်ကို (၁)မွေးစာရင်း၊(၂)ကျောင်းဝင်မှတ်ပုံတင်စာရင်း ကောက်နုတ်ချက်မိတ္တူမှန်၊ (၃) နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ပြည်တွင်းတွင် အမြဲတမ်းနေထိုင်သောနိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်၊ (၄) ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်၏ ဆေးထောက်ခံချက်၊ (၅)အိမ်ထောင်စုစာရင်း၊ (၆) အခြားနိုင်လုံသော အထောက်အထားကို အစီအစဉ်အတိုင်း ဦးစားပေးစိစစ်သတ်မှတ်ပါတယ်။

အထောက်အထားများမှာမွေးဖွားသည့် "ခုနှစ်နဲ့လ"သာ ဖော်ပြနိုင်ပါက ယင်းလ ၁၆ ရက်နေ့မှာမွေးဖွားသူ၊ မွေးဖွားသည့် "ခုနှစ်"သာ ဖော်ပြနိုင်ပါက ထိုနှစ်၏ ဇူလိုင်လ (၁) ရက်နေ့မှာ မွေးဖွားသူလို့ သတ်မှတ်နိုင်ပါတယ်။



ပြစ်မှုဖြင့်ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း၊ မေးမြန်းခြင်း

- ဖမ်းဆီးခံရသူက ဖမ်းဆီးသည့်အကြောင်းရင်းနဲ့စွပ်စွဲတဲ့ ပြစ်မှုကို သိခွင့်ရှိပါတယ်။
- ဖမ်းဆီးစဉ် ခြိမ်းခြောက်ခြင်း၊ အဓမ္မအနိုင်အထက်ပြုခြင်း၊ မလိုအပ်ဘဲ အင်အားသုံးခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ ရက်စက်ခြင်း၊ လူမဆန်စွာပြုမူခြင်း၊ လက်ထိပ်ခတ်ခြင်း၊ ကြိုး၊ အခြားနည်းချည်နှောင်ခြင်း မပြုရပါ။
- ရဲအချုပ်တွင် ချုပ်နှောင်ထားခြင်း၊ လူကြီးအကျဉ်းသားများနှင့် အတူရောနှောထားခြင်းမပြုရပါ။ မိန်းကလေးဖြစ်ပါက အမျိုးသမီးအစောင့်အရှောက်ဖြင့်သာ ထားရပါတယ်။
- သက်ဆိုင်တဲ့မိဘ၊ အုပ်ထိန်းသူက ချက်ချင်း/ဆောလျင်စွာ သိရှိခွင့်နဲ့ ဖမ်းဆီးခံရသူက မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး၊ ရွေးနေတို့နှင့် တွေ့ဆုံခွင့်ရှိပါတယ်။
- ကျူးလွန်သောပြစ်မှုကို သတ်မှတ်ချက်များနှင့်အညီသာ မေးမြန်းရပါတယ်။
- အမှုကို အခြားနည်းလမ်းဖြင့်လွှဲပြောင်းဆောင်ရွက်ခြင်း မပြုပါက သက်ဆိုင်ရာ ကလေးသူငယ်တရားရုံးသို့ ဆောလျင်စွာ တင်ပို့ခြင်း၊ ခံဝန်ဖြင့် လွှတ်ပေးခြင်းတို့ ဆောင်ရွက်ရပါတယ်။
- ခံဝန်ဖြင့်လွှတ်ပေးခြင်းမပြုနိုင်ပါက ယာယီစောင့်ရှောက်ရေးဂေဟာ/အခြားသင့်တော်တဲ့နေရာသို့ ပို့ဆောင်ရပါတယ်။



ကလေးသူငယ်မှုခင်း

- ကျူးလွန်စဉ် အသက် ၁၈ နှစ် မပြည့်သေးသူရဲ့အမှုကို ကလေးသူငယ်မှုခင်းအဖြစ် ကလေးသူငယ် တရားရုံးက စစ်ဆေးစီရင်ပါတယ်။
- အမှုစစ်ဆေးစဉ် အသက် ၁၈ နှစ်ပြည့်သွားသူ၊ ထွက်ပြေးတိမ်းရှောင်၍ပြန်လည်ဖမ်းဆီးမိပြီး အမှုစွဲဆိုတင်ပို့ချိန်မှာ အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၂၀ မပြည့်သေးသူတို့ကို ကလေးသူငယ်အဖြစ် ဆက်လက်ကြားနာစစ်ဆေးစီရင်ပါတယ်။ အသက် ၂၀ ပြည့်ပြီးက အရွယ်ရောက်သူကို စစ်ဆေးစီရင်တဲ့ နည်းလမ်းအတိုင်း ကြားနာစစ်ဆေးစီရင်ပြီး ပြစ်ဒဏ်ကို ကလေးသူငယ် အခွင့်ရေးများဆိုင်ရာ ဥပဒေနှင့်အညီသာ ချမှတ်ရပါတယ်။

အမှုအတွင်းထိန်းသိမ်းခြင်း

- အမှုစစ်ဆေးစဉ်အတွင်းခံဝန်ချုပ်ဖြင့် မိဘ၊ အုပ်ထိန်းသူထံ၊ ယာယီစောင့်ရှောက်ရေးဂေဟာ၊ အခြားသင့်လျော်တဲ့နေရာမှာ အုပ်ထိန်းရန် အပ်နှံနိုင်ပါတယ်။
- ရဲအချုပ်၊ အကျဉ်းထောင်တွင် ချုပ်မိန့်မပေးရပါ။

တရားရုံးတွင်အမှုစစ်ဆေးခြင်း

- အမှုစစ်ဆေးရာမှာ ကလေးသူငယ်နားလည်နိုင်တဲ့ စကားအသုံးအနှုန်းဖြင့် စွဲဆိုတဲ့ပြစ်မှုကို ရှင်းလင်းပြောကြားပြီး သတ်မှတ်နည်းလမ်းများနဲ့ ဆောလျင်စွာ ကြားနာစစ်ဆေးပေးရပါတယ်။
- သက်သေများစစ်ဆေးခြင်း၊ လျှောက်လဲချက်ပေးခြင်းနဲ့ စစ်ဆေးစီရင်ခြင်းကို ဗီဒီယိုရုပ်မြင်သံကြားမြင်ကွင်းစနစ်ဖြင့် ပြုလုပ်နိုင်ပါတယ်။ အချို့တရားရုံးများမှာ သက်သေအထူးစစ်မေးခန်းများ ထားရှိပါတယ်။
- မလိုအပ်လျှင် ကလေးသူငယ်ကို ရုံးရှေ့မှလာရောက်စေဘဲ ၎င်းရဲ့မျက်ကွယ်မှာ အမှုဆက်လက်စစ်ဆေးနိုင်ပါတယ်။
- အမှုမှာ ရွေ့နေလိုက်ပါခွင့်၊ ကလေးသူငယ်ရဲ့မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး၊ တာဝန်ရှိလူမှုဝန်ထမ်းအရာရှိတို့က ကူညီဆောင်ရွက်ပေးခွင့်၊ ကလေးသူငယ်ကိုယ်စား စစ်မေးခွင့်၊ လျှောက်ထားခွင့်၊ လျှောက်လဲခွင့်ရှိပါတယ်။
- သေဒဏ်ထိုက်သင့်တဲ့ ပြစ်မှုအတွက် တရားရုံးမှာ နိုင်ငံတော်စရိတ်နဲ့ ရွေ့နေငှားရမ်းခွင့်၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ အကူအညီတောင်းခံခွင့်ရှိပါတယ်။
- လိုအပ်ပါက စကားပြန်ထားရှိနိုင်ရန် စီစဉ်ပေးရပါတယ်။
- ကြားနာစစ်ဆေးတဲ့နေရာကို မိဘအုပ်ထိန်းသူ၊ တရားရုံးဝန်ထမ်း၊ ဥပဒေအရာရှိ၊ ယူနီဖောင်းမဝတ်ဆင်တဲ့ တာဝန်ကျရဲတပ်ဖွဲ့ဝင်၊ မှူခင်းနဲ့သက်ဆိုင်သူ၊ တရားရုံးက ခွင့်ပြုထားသူများသာ လာရောက်နိုင်ပါတယ်။ အခြားသူများမရှိရပါ။

သတင်းမီဒီယာတွင်ဖော်ပြခြင်း

- ကလေးသူငယ် မှုခင်းသတင်းအချက်အလက်များကို တရားရုံးရဲ့ခွင့်ပြုချက်မှအပ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်၊ အီလက်ထရောနစ်နည်းပညာအသုံးပြု အင်တာနက်စာမျက်နှာနဲ့ လူမှုကွန်ယက်များမှာ ကလေးသူငယ်ညစ်ညမ်းပုံပြုလုပ်ဖြန့်ဖြူးခြင်းနှင့် ရေဒီယို၊ ရုပ်မြင်သံကြားမှာ ဖြန့်ချိခြင်း၊ ထုတ်လွှင့်ခြင်းမပြုရပါ။
- သတင်းမီဒီယာသမားများ တရားခွင်အတွင်း ဝင်ရောက်ခြင်း ခွင့်မပြုပါ။
- မည်သူမျှ ပြစ်မှုဖြင့်စွပ်စွဲခံရတဲ့ကလေးသူငယ်၊ ကလေးသူငယ်သက်သေသည် မည်သူမည်ဝါဖြစ်ကြောင်း ဓာတ်ပုံရိုက်ခြင်း၊ မှုခင်းသတင်းအချက်အလက်ရယူခြင်း၊ ထည့်သွင်းခြင်းနှင့် ကြော်ငြာခြင်း၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် စာအုပ်စာတမ်းများတွင် ထည့်သွင်းခြင်း၊ ဖြန့်ချိခြင်း၊ အသုံးပြုခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် လူမှုဆက်သွယ်ရေးနည်းလမ်းများတွင် ထုတ်လွှင့်ခြင်းမပြုရပါ။
- ပြစ်မှုကျူးလွန်ခံရတဲ့ ကလေးသူငယ်များ၊ ကလေးသူငယ်သက်သေများနဲ့ ဆက်နွယ်ပတ်သက်သူများက ကလေးသူငယ် မှုခင်းကိစ္စကို ထုတ်ဖော်ခြင်းမပြုဘဲ လျှို့ဝှက်ထားရှိရပါတယ်။

ပြစ်ဒဏ်

- ကလေးသူငယ်ကို သာမန်အားဖြင့် ထောင်ဒဏ်မချမှတ်ရပါ။ ကျူးလွန်တဲ့ပြစ်မှုဟာ သေဒဏ်၊ ထောင်ဒဏ်တစ်သက်၊ နှစ်အကန့်အသတ်မရှိထောင်ဒဏ်၊ ထောင်ဒဏ်နှစ် ၂၀ ချမှတ်နိုင်ပြီး အကျင့်စာရိတ္တအလွန်ပျက်စီးနေသူထိန်းသိမ်းမရနိုင်တဲ့ ဆိုးသွမ်းနေသူလို့ ယုံကြည်မှသာ ထောင်ဒဏ်ချမှတ်ရပါမယ်။
- ကလေးသူငယ်ကို သေဒဏ်၊ ထောင်ဒဏ်တစ်သက်၊ နှစ်အကန့်အသတ်မရှိထောင်ဒဏ်၊ ထောင်ဒဏ်နှစ် ၂၀ မချမှတ်ရပါ။
- အသက် ၁၆ နှစ် မပြည့်သူကို ခုနစ်နှစ်ထက်ပိုတဲ့ထောင်ဒဏ်၊အသက် ၁၆ နှစ် ပြည့်ပြီးအသက်၁၈နှစ်မပြည့်သေးသူကိုတစ်ဆယ်နှစ်ထက်ပိုတဲ့ထောင်ဒဏ်မချမှတ်ရပါ။
- ထောင်ဒဏ်မချမှတ်သင့်တဲ့ ကလေးသူငယ်များကို ဆိုဆုံးမလွှတ်ခြင်း၊ ငွေဒဏ်တပ်ရိုက်ခြင်း၊ အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း၊ ခံဝန်ချုပ်နဲ့ မိဘ၊ အုပ်ထိန်းသူထံ ပြန်လည်လွှဲအပ်ခြင်း၊ ကလေးသူငယ်ကြီးကြပ်သူ၏ ကြီးကြပ်စီမံခြင်းကို ခံယူစေခြင်း၊ သင်တန်းကျောင်းပို့အပ်ခြင်း စတဲ့ အမိန့်တို့ ချမှတ်နိုင်ပါတယ်။



အပျုံခံခွင့်၊ ပြင်ဆင်ခွင့်

- ကလေးသူငယ်တရားရုံးက ချမှတ်တဲ့အမိန့်၊ ဆုံးဖြတ်ချက်ကို ဥပဒေနဲ့အညီ အပျုံခံဝင်ရောက်ခွင့်၊ ပြင်ဆင်မှုတင်သွင်းခွင့်ရှိပါတယ်။
- အကျင့်စာရိတ္တတိုးတက်ကောင်းမွန်မှုရှိလာတဲ့ ကလေးသူငယ်အတွက် ကလေးသူငယ်ကြီးကြပ်သူရဲ့ကြီးကြပ်စီမံမှုခံယူစေခြင်းနဲ့ သင်တန်းကျောင်းပို့အပ်ခြင်း အမိန့်တို့ကို ပြင်ဆင်ပေးပါရန် တရားရုံးသို့ သင်တန်းကျောင်းအုပ်၊ ကလေးသူငယ်ကြီးကြပ်သူ၊ မိဘ၊ အုပ်ထိန်းသူတို့က လျှောက်ထားနိုင်ပါတယ်။



အကျဉ်းထောင်ရှိကလေးသူငယ်များ

- အသက် ၁၈ နှစ် ပြည့်သည်အထိ လူကြီးအကျဉ်းသားများနဲ့အတူတကွ မထားရှိရပါ။ လူကြီးအကျဉ်းသားများဖြတ်သန်းသွားလာခြင်းမပြုနိုင်တဲ့ သီးခြားအဆောင်အခန်းမှာ ထားရပါတယ်။
- မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး၊ သူငယ်ချင်းမိတ်ဆွေ၊ရှေ့နေ၊ ဥပဒေအကြံပေးနဲ့ လွတ်လပ်စွာ တွေ့ဆုံခွင့်ရှိပါတယ်။ ယင်းတို့အကြား ဆက်သွယ်ပြောဆိုမှုများကို လျှို့ဝှက်ထားရပါတယ်။
- ကလေးသူငယ်ထံ ဥပဒေအရတားမြစ်ပစ္စည်းများမှအပ အစားအသောက်နဲ့ သတ်မှတ်ပစ္စည်းများ ပေးပို့ခွင့်ရှိပါတယ်။
- အလုပ်ကြမ်းခိုင်းစေခြင်း၊ အကျဉ်းဦးစီးဌာနရဲ့ ကွပ်ကဲမှုအောက်ရှိသတ်မှတ်စခန်းသို့ ပို့လွှတ်ခြင်းမပြုရပါ။
- ပုံမှန်ကျန်းမာရေးစစ်ဆေးခွင့်၊ ထိရောက်တဲ့ကျန်းမာရေးစောင့်ရှောက်မှုရခွင့်ရှိပါတယ်။
- အထောက်အကူပြုပညာ၊ သင်တန်း၊ အသက်မွေးဝမ်းကျောင်းအတတ်ပညာသင်ကြားခွင့်ရှိပါတယ်။
- တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်အရ ထောင်ဒဏ်မှလျော့ရက်ခံစားခွင့်ရှိပါတယ်။



ပြစ်မှုကျူးလွန်ခံရသည့်ကလေးသူငယ်များ၊ ကလေးသူငယ်သက်သေများ

- ရဲတပ်ဖွဲ့ရဲစုံစမ်းစစ်ဆေးမှု၊ တရားရုံးမှာ၊ သက်သေအဖြစ် ထွက်ဆိုရာမှာ -
  - (၁) တစ်ဦးချင်း လွတ်လပ်လုံခြုံမှုရရှိခွင့်၊
  - (၂) သင့်တော်တဲ့ပတ်ဝန်းကျင်မှာ တွေ့ဆုံပြီး သက်သေအဖြစ် ထွက်ဆိုခွင့်၊
  - (၃) နောင့်နေးကြန့်ကြာခြင်းမရှိဘဲ ကြားနာစစ်ဆေးမှုခံယူခွင့်၊
  - (၄) အလေးဂရုပြုမှုဆက်ဆံမှုရရှိခွင့်၊ အသက်အရွယ်နဲ့သင့်လျော်တဲ့ ရိုးရှင်းသောစကားအသုံးအနှုန်း၊ မေးခွန်းများ မေးမြန်းဖြေကြားခွင့်၊
  - (၅) ကိုယ်တိုင်မထွက်ဆိုနိုင်တဲ့ မသန်စွမ်းသူအတွက် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူက ကိုယ်စားပါဝင်ဆောင်ရွက်နိုင်ခွင့်၊
  - (၆) ကျန်းမာရေးနဲ့ စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့အခြားအကူအညီများကိုမိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး၊ မိတ်ဆွေ၊ ကူညီစောင့်ရှောက်သူထံက ရပိုင်ခွင့်စသည်တို့ရှိပါတယ်။
- ကလေးသူငယ်များကို စစ်ဆေးရာမှာ ကျမ်းသစ္စာကျိန်ဆိုခြင်းမပြုရပါ။ ရှုပ်ထွေးတဲ့မေးခွန်း၊ တစ်ဆက်တည်းမေးခွန်းနဲ့ မလိုအပ်ဘဲ ထပ်ဆင့်မေးခွန်းများ မေးမြန်းခြင်း မပြုရပါ။
- ပြန်လှန်စစ်မေးခြင်းပြုရာတွင် နိမိတ်ပြမေးခွန်းကို မေးမြန်းခြင်းမပြုရပါ။

